This project is funded by the European Union

MGMA

SMART Myanmar



**"SMART AWARD 2015" - လူမှုရေး ကျင့်ဝတ်ဆိုင်ရာ စည်းကမ်း လိုက်နာမှုများမှ သိရှိနားလည် တိုးတက်မှုများကို အသိအမှတ်ပြုသည့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းဝင် စက်ရုံများ ကို ဒုတိယအကြိမ် နှစ်ပတ်လည်ဆုပေးပွဲနှင့် ညစာစားပွဲ စိတ်ပါဝင်စားသူများ လျှောက်ထားရန် ဖိတ်ခေါ်ခြင်း**

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းနှင့် SMART Myanmar မှ ဝမ်းမြောက် ဝမ်းသာစွာဖြင့် "SMART AWARD 2015" အတွက် စာရင်းပေးသွင်း လျှောက်ထားရန် ဖိတ်ခေါ်လျှက်ရှိပါသည်။ ယင်းဆုကို မြန်မာနိုင်ငံ အတွင်းရှိ အထည်ချုပ်စက်ရုံများ၏ ထူးခြားပြည့်စုံသည့် အလေ့အကျင့်ကောင်း များ ရရှိမှုနှင့် ကြိုးစားအားထုတ်ခဲ့မှုများ အတွက် ဂုဏ်ပြုပေးအပ်ခြင်း ဖြစ်ပါသည်။

လွန်ခဲ့သည့် နှစ်အတွင်း လူမှုရေး ကျင့်ဝတ်ဆိုင်ရာ စည်းကမ်း လိုက်နာမှုများနှင့် ပတ်သက်၍ အကောင်းဆုံး ဖွံ့ဖြိုးတိုးတက်သည့် စက်ရုံကို ဆုချီးမြှင့် ပေးအပ်သွားမည် ဖြစ်ပါသည်။ အခြားသော စက်ရုံများကိုလည်း "ဆန်းသစ်သော စိတ်ကူး"၊ "အကောင်းဆုံး အလေ့အကျင့်များ"နှင့် "အများဆုံး တိုးတက်လာမှု" စသည်ဖြင့် တိကျသော နယ်ပယ်များအတွက် အသိအမှတ်ပြု ရွေးချယ်သွားမည် ဖြစ်ပါသည်။

"SMART AWARD 2015" သည် အဓိက နယ်ပယ် သုံးခုဖြစ်သည့် "လုပ်ငန်းခွင် အခြေအနေ၊ အထူး ခံစားခွင့်၊ အလုပ်သမားများ၏ ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ဆက်ဆံပြောဆိုခြင်း" တို့အပေါ်တွင် အလေးပေး စဉ်းစားထားပါသည်။

စက်ရုံများ အနေဖြင့် လျှောက်လွှာပုံစံကို ဖြည့်စွက်ပြီး အခြားသော လိုအပ်သည့် စာရွက်စာတမ်း များနှင့် ဓါတ်ပုံများကို ပူးတွဲ၍ **ဒေါ်သီရိကေသီ** smartaward2015@gmail.com ထံသို့ အီးမေးလ်ဖြင့် တိုက်ရိုက်ပေးပို့၍သော်လည်းကောင်း၊ SMART Myanmar ရုံးခန်း(သို့) MGMA ရုံးခန်းသို့ လူကိုယ်တိုင် သော်လည်းကောင်း၊ လာရောက် ပေးပို့နိုင်ပါသည်။

လျှောက်လွှာများကို **၂၀၁၅ ခုနှစ် ဩဂုတ်လ ၈ ရက် တနင်္လာနေ့ ည ၁၁ နာရီ ၅၉ မိနစ်အထိ** နောက်ဆုံးထား ပေးပို့နိုင်ပါသည်။

လျှောက်လွှာများကို လက်ခံပြီးနောက် SMART Myanmar မှ ဆုနှင့် သင့်လျော်သော စက်ရုံများကို ရွေးချယ်သွားပါမည်။ SMART Myanmar ၏ ဝန်ထမ်းများမှ လျှောက်လွှာတွင် ဖြည့်စွက်ထားသည့် အချက်အလက်များကို တိုက်ဆိုင်စစ်ဆေးရန် စက်ရုံများသို့ လာရောက် ကြည့်ရှုမည် ဖြစ်ပါသည်။ ထိုနောက် ဆုချီးမြှင့်ရေး ကော်မတီမှ ရွေးချယ်ထားသော လျှောက်လွှာများကို ကြည့်ရှုစစ်ဆေးပြီး ဆုရရှိသည့် စက်ရုံနှင့် အခြားအသိအမှတ်ပြု စက်ရုံများကိုပါ အတည်ပြု ရွေးချယ်သွားမည် ဖြစ်သည်။ ကော်မတီကို MGMA၊ SMART Myanamr နှင့် အခြား စီးပွားရေး လုပ်ငန်းနှင့် ဆက်စပ် အဖွဲ့အစည်းမှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပါသည်။

**အောက်တိုဘာလ ၂၄ ရက်နေ့ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည် ဆုပေးပွဲနှင့် ညစာစားပွဲတွင် အသင်းဝင် စက်ရုံများအား ဆုများကို ချီးမြှင့်ပါမည်။** ထိုပွဲသို့ ဌာနဆိုင်ရာ များ လူအဖွဲ့အစည်းများနှင့် စီးပွားရေး လုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ ကုမ္ပဏီများမှ အလုပ် အမှုဆောင်များနှင့် ဆုချီးမြှင့်ရေး ကော်မတီ အပါအဝင် ဧည့်ပရိသတ် ၃၀၀ခန့် တက်ရောက်မည် ဖြစ်ပါသည်။

"SMART AWART 2015" အကြောင်းနှင့် လျှောက်ထားပုံ အဆင့်ဆင့်ကို ပိုမိုသိရှိလိုပါက အောက်ပါ လိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။


သီရိကေသီ

အကြီးတန်း စီမံကိန်း မန်နေဂျာ

SMART Myanmar

ရုံးခန်းလိပ်စာ - အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း UMFCCI အဆောက်အဦ (၁၁ လွှာ)လမ်းမတော် မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၅၁ ၄၂ ၆၄၂ အီးမေးလ် - tkaythi@gmail.com


**သင်၏ လျှောက်လွှာများကို လက်ခံရန် ကျွန်ုပ်တို့မှ စောင့်ကြိုနေပြီး လျှောက်လွှာ လျှောက်ထားမှု အဆင့်ဆင့်အတွက် အဆင်ပြေပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။**